# ငွေကြေးလိမ်လည်ခံရမှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ အသိပညာပြန်လည်ဖြန့်ဝေခြင်း

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့က လူပုဂ္ဂိုလ်တစ်ဦး၏ Social Media ကို အသုံးပြု၍ Online မှတစ်ဆင့် ငွေကြေးလိမ်လည်သွားသော ကုမ္ပဏီနှင့် လူပုဂ္ဂိုလ်များအား အရေးယူပေးနိုင်ပါရန် တင်ပြတိုင်ကြားလာခြင်းအပေါ် ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့အနေဖြင့် တိုင်ကြားသူအား တွေ့ဆုံမေးမြန်းခြင်း၊ တိုင်စာပါအချက် အလက်များနှင့် ပတ်သက်၍ စိစစ်ခြင်း၊ နစ်နာသူအနေဖြင့် သက်ဆိုင်ရာရဲစခန်းတွင် ပြစ်မှုကြောင်းအရ တရားလိုပြုလုပ်တိုင်ကြားရန် အသိပေးပြောကြားခြင်းများ ဆောင်ရွက်ခဲ့ပြီး ငွေကြေးလိမ်လည်မှုနှင့် ပတ်သက်၍ လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရေး တိုင်စာ၊ ကနဦးစိစစ်ချက်တို့နှင့်အတူ ငွေကြေး လိမ်လည်မှုများအား အချိန်မီတားဆီးရေးနှင့် အရေးယူမှုမြန်ဆန်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ (Action Task Force)၊ ဥက္ကဋ္ဌထံသို့ လွှဲပြောင်းပေးပို့ခဲ့ပါသည်။

၂။ အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ Action Task Force အနေဖြင့် အထက်ပါ လူပုဂ္ဂိုလ်၏ ငွေများလွှဲပြောင်းပေးပို့ခဲ့သည့် ဖုန်းနံပါတ်များဖြင့် ဖွင့်လှစ်ထားသည့် Wave Pay Account များအား Fraud SOP အရ ယာယီတားဆီးပေးနိုင်ပါရန် Wave Money သို့လည်းကောင်း၊ အထက်ပါပုဂ္ဂိုလ်နှင့်စပ်လျဉ်း၍ လိုအပ်သလိုဆက်လက်ဆောင်ရွက်နိုင်ပါရန် ပြည်ထဲရေးဝန်ကြီးဌာနသို့ လည်းကောင်း ညှိနှိုင်းအကြောင်းကြားခဲ့ပါသည်။

၃။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးက အထက်ပါ လူပုဂ္ဂိုလ်သည် Online အသုံးပြုကာ ငွေများလိမ်လည်ရယူနေသော Zwel Het (ဖွဲ့ထက်ချေးငွေကုမ္ပဏီလီမိတက်) **Facebook Page** မှ တာဝန်ရှိသူအား အရေးယူပေးပါရန် တိုင်တန်းသဖြင့် ၂-၈-၂၀၂၅ ရက်နေ့တွင် ရန်ကင်းမြို့နယ်၊ ရန်ကင်းမြို့မရဲစခန်း(ပ)၁၄၃/၂၀၂၅၊ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဂ)ဖြင့် အမှုဖွင့်လှစ်ခြင်း၊ အမှုအား ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံး၏ ဥပဒေအကြံပြုချက်နှင့်အညီ ၁၂-၁၂-၂၀၂၅ ရက်နေ့တွင် ရန်ကင်း မြို့မရဲစခန်းစွဲချက်အမှတ်၊ ၁၇၉/၂၀၂၅ ဆက်သွယ်ရေးပုဒ်မ ၆၆(ဂ)ဖြင့် ရန်ကင်းမြို့နယ်တရားရုံးသို့ တရားစွဲ တင်ပို့ခဲ့ရာ တရားရုံးမှ ရာဇဝတ်ကြီးမှုအမှတ်၊ ၁၂၇/၂၀၂၅ ဖြင့် စစ်ဆေးဆောင်ရွက်ခြင်းနှင့် ၂၉-၁၂-၂၀၂၅ ရက်နေ့တွင် တရားခံနှင်းဝတ်ရည်(ခ)မိပြုံးနှင့် လင်းလင်းကိုတို့(၂)ဦးမှ အပြစ်ရှိကြောင်း ဝန်ခံထွက်ဆို သဖြင့် ဆက်သွယ်ရေးပုဒ်မ ၆၆(ဂ)အရ အလုပ်နှင့်ထောင်ဒဏ်(၂)နှစ်စီ အသီးသီးကျခံစေရန်၊ သက်သေခံ ငွေကျပ် သိန်း ၁,၄၀၀ အား ပြင်ဆင်/အယူခံရက်ကျော်လွန်က တရားလိုထံပြန်ပေးစေရန်နှင့် သက်သေခံ ဖုန်း ၃ လုံး တို့အား ပြင်ဆင်/အယူခံရက်ကျော်လွန်က ပိုင်ရှင်များထံ ပြန်ပေးစေရန် အမိန့်ချမှတ်ခဲ့ခြင်း များ၏ အမှုဖြစ်စဉ်အား သိရှိနိုင်ပါရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အကြောင်းကြားလာသည့် အောက်ပါ ငွေလိမ်လည်မှုဖြစ်စဉ် **အမှုတွဲဖြစ်စဉ်(နမူနာ)**ဖြင့် အသိပညာပြန်လည်ဖြန့်ဝေခြင်း

**အမှုတွဲဖြစ်စဉ်နမူနာ**

- လူပုဂ္ဂိုလ်တစ်ဦးသည် ၂၀၀၁ ခုနှစ်မှစတင်၍ Ni Ni Shwe အမည်ဖြင့် Facebook သုံးစွဲခဲ့ရာ ၂-၈-၂၀၂၃ ရက်နေ့တွင် ခန့်ဝေမောင်(ခ)မောင်မောင်လွင်ဆိုသူမှ Online ပေါ်တွင် အစုရှယ်ယာများ ဝယ်ယူစုဆောင်းခြင်း သို့မဟုတ် အတိုးနှုန်းနည်းနည်းဖြင့် ငွေချေးယူနိုင်ကြောင်း ဝင်ရောက် ပြောဆိုကြေညာခဲ့ပြီး ၎င်းတို့၏ရုံးလိပ်စာမှာ ဖွဲ့ထက်ရှယ်ယာ ကုမ္ပဏီလီမိတက်ရုံး (Zwe Htet)၊ (102 A) လမ်းကြား၊( ၆၂ )လမ်း၊ တွတ်ပီကျွေ့၊ မန္တလေးဖြစ်ကြောင်း

- ၎င်း၏မှတ်ပုံတင်ကိုလည်း ပြသခဲ့သဖြင့် မိမိစုဆောင်းထားရှိငွေများအား အစုရှယ်ယာများ ဝယ်ယူရင်းနှီးရန်ရည်ရွယ်၍ ၎င်းတို့ပေးပို့သည့်ဖုန်းနံပါတ်များသို့ Wave Pay ဖြင့် မိမိ၏မှတ်ပုံတင်ဖြင့်လည်းကောင်း၊ အခြားသူများ မှတ်ပုံတင်များဖြင့်လည်းကောင်း စုစုပေါင်း ကျပ်သိန်း(၉,၆၅၀)ကျော်အထိ အကြိမ်ကြိမ် လွှဲပြောင်းပေးခဲ့ပါကြောင်း
- မိမိလွှဲပေးခဲ့သောငွေများအား ပြန်လည်ထုတ်ပေးရန် တောင်းဆိုသောအခါတွင် ဘဏ်ငွေလွှဲပုံစံအတုကိုပြသပြီး အဆိုပါငွေပမာဏကို ထုတ်ယူရန်အတွက် မိမိမှငွေထပ်မံလွှဲပေးရမည် ဖြစ်ကြောင်းသာပြောပြီး ၎င်းတို့ဘက်မှ ယခုအချိန်အထိ မည်သည့်ငွေမှ လွှဲပေးခြင်းမရှိခဲ့သဖြင့် ဆုံးရှုံးခဲ့သောငွေများ ပြန်လည်ရရှိနိုင်ရေးနှင့် မိမိကဲ့သို့ အခြားမသိနားမလည်သူများ လိမ်ညာခံရ၍ ငွေကြေးဆုံးရှုံးမှုများ ထပ်မံမဖြစ်ပေါ်စေရေးအတွက် Online မှ အုပ်စုဖွဲ့ ငွေလိမ်လည်သူများနှင့်ကုမ္ပဏီများကို ဖော်ထုတ်၍ ထိရောက်စွာ အရေးယူပေးနိုင်ပါရန် အထောက်အထားများနှင့်အတူ တင်ပြတိုင်ကြားပါကြောင်း၊